**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)**

**၁၃၇၇ ခု၊ တပို့တွဲလဆန်း (၁၁) ရက်**

**၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်**

**စဉ်ဆက်မပြတ်ထုတ်ဖေါ်ခြင်းဆိုင်ရာအမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း**

ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ အခန်း၁၃၊ ပုဒ်မ ၇၁ (ခ) နှင့်ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ၊ အခန်း (၁၂)၊ ပုဒ်မ ၁၉၈ အရငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူကိုကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် ဤစဉ်ဆက်မပြတ်ထုတ်ဖေါ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။(က) အောက်ပါကုမ္ပဏီများသည်နှစ်ပတ်လည်အစီရင်ခံစာ၊ နှစ်ဝက်အစီရင်ခံစာနှင့် အထူးအစီရင်ခံစာတစ်ရပ်ရပ်ကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ တင်ပြရမည်။

(၁) စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့်ကုမ္ပဏီ၊

(၂) ကောင်တာဈေးကွက်တွင်၎င်း၏ငွေချေးသက်သေခံလက်မှတ်များကိုရောင်းဝယ်သည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊

(၃) ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) အရ ကော်မရှင်၏ အတည်ပြုချက်ကိုရယူထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊

(၄) အစုရှယ်ယာပိုင်ရှင်အရေအတွက် ၁၀၀ ဦးထက်ပိုရှိသော အများနှင့်သက်ဆိုင်သောကုမ္ပဏီ

(ခ) အများနှင့်သက်ဆိုင်သောကုမ္ပဏီတစ်ခုသည် အောက်ပါကိစ္စရပ်များအတွက် ကော်မရှင်၏အတည်ပြုချက်ဖြင့် စဉ်ဆက်မပြတ်ထုတ်ဖော်ခွင့်အား ကင်းလွတ်ခွင့် ရရှိနိုင်သည် -

(၁) ကုမ္ပဏီကိုဖျက်သိမ်းပြီးဖြစ်လျှင်၊

(၂) ကုမ္ပဏီသည်၎င်း၏လုပ်ငန်းများဆောင်ရွက်မှုကို အချိန်ကာလတစ်ခုအတွက် ရပ်ဆိုင်းပြီးဖြစ်လျှင်၊

(၃) ကုမ္ပဏီ၏အစုရှယ်ယာပိုင်ရှင်စုစုပေါင်းသည် ၁၀၀ အောက်လျော့နည်းလျှင်။

၂။ အများနှင့်သက်ဆိုင်သောကုမ္ပဏီတစ်ခုသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ အထူးအစီရင်ခံစာကို တင်သွင်းသောအခါ အဆိုပါအထူးအစီရင်ခံစာကို အများပြည်သူသို့ ထုတ်ပြန်ကြေငြာခြင်း မပြုမီ အသေးစိတ်ရှင်းလင်းချက်နှင့်အတူ ကော်မရှင်သို့ တင်ပြရမည်။

၃။ စာရင်းဝင်ကုမ္ပဏီတစ်ခုသည် စတော့အိပ်ချိန်း၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုမ္ပဏီ၏သတင်းအချက်အလက်များအား အချိန်မီထုတ်ဖော်ပြသသည့်အခါ ယင်းထုတ်ဖော်ချက်မပြုလုပ်မီ ကော်မရှင်သို့ တင်ပြအသိပေးရမည်။

၄။ အောက်ဖော်ပြပါ ဖြစ်ရပ်တစ်ရပ်ရပ်ဖြစ်ပွားခဲ့လျှင် အများနှင့်သက်ဆိုင်သောကုမ္ပဏီတစ်ခုသည် ယင်းဖြစ်ရပ်တို့နှင့်ယှဉ်တွဲဖော်ပြထားသော သတင်းအချက်အလက်များပါထည့်သွင်း၍ အထူးစီရင်ခံစာတစ်စောင်ကို ကော်မရှင်သို့ တင်ပြရမည်-

(က) ၎င်း၏ မိခင်ကုမ္ပဏီ (သို့) ၎င်း၏ လက်အောက်ခံကုမ္ပဏီပြောင်းလဲခြင်း

(၁) ကုမ္ပဏီ၏အမည်နှင့်လိပ်စာ၊ မန်နေဂျင်းဒါရိုက်တာ (သို့) မန်နေဂျာ၏အမည်၊ မိခင်ကုမ္ပဏီ၏ ရှယ်ယာပမာဏ (သို့) လက်အောက်ခံကုမ္ပဏီတွင် ထည့်ဝင်သည့်ရှယ်ယာပမာဏနှင့် အဆိုပါကုမ္ပဏီ၏ အဓိက

စီးပွားရေးလုပ်ငန်း၊

(၂) မိခင်ကုမ္ပဏီ ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ မိခင်ကုမ္ပဏီတွင်အပြောင်းအလဲမပြုလုပ်မီနှင့် ပြုလုပ်ပြီးနောက် မဲပေးပိုင်ခွင့်ရာခိုင်နှုန်းနှင့်အရေအတွက်

(၃) လက်အောက်ခံကုမ္ပဏီပြောင်းလဲမှုနှင့်စပ်လျဉ်း၍လက်အောက်ခံကုမ္ပဏီတွင်အပြောင်းအလဲ မပြုလုပ်မီနှင့် ပြုလုပ်ပြီးနောက် မဲပေးပိုင်ခွင့်ရာခိုင်နှုန်းနှင့်အရေအတွက်

(၄) အပြောင်းအလဲပြုလုပ်ရသည့်အကြောင်းရင်း

(၅) အပြောင်းအလဲပြုလုပ်သည့်နေ့စွဲ

(ခ) ကုမ္ပဏီ၏အစုရှယ်ယာပိုင်ဆိုင်မှုကို အခြေခံသောမဲပေးပိုင်ခွင့် ၂၀% ထက်ကျော်လွန်ပိုင်ဆိုင်သော အဓိက ရှယ်ယာပိုင်ရှင်များအပြောင်းအလဲ

(၁) အဓိကအစုရှယ်ယာပိုင်ရှင်၏အမည်

(၂) အစုရှယ်ယာရှင်များ အပြောင်းအလဲမဖြစ်မီနှင့်ပြောင်းလဲမှုဖြစ်ပြီးနောက် အဆိုပါအစုရှယ်ယာပိုင်ရှင်များ၏ မဲပေးပိုင်ခွင့်ရာခိုင်နှုန်းနှင့်အရေအတွက်

(၃) အပြောင်းအလဲပြုလုပ်သည့်နေ့စွဲ

(ဂ) ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းကို ထိခိုက်စေသည့် ဘေးအန္တရာယ်ကျရောက်ခြင်း

(၁) ဘေးအန္တရာယ်ကျရောက်သည့်နေ့နှင့် ပြီးဆုံးသည့်နေ့

(၂) ဘေးအန္တရာယ်ကျရောက်သည့်နေရာ

(၃) ဆုံးရှုံးမှုအခြေအနေအသေးစိတ်စာရင်းနှင့်အာမခံပေးလျော်ငွေ ရရှိမှုပမာဏ

(၄) အဆိုပါဘေးအန္တရာယ်ကြောင့် စီးပွားရေးလုပ်ငန်းပေါ်တွင် အကျိုးသက်ရောက်မှု

(ဃ) ကုမ္ပဏီအားတရားစွဲဆို၍ လျော်ကြေးတောင်းခံမှု (သို့) ယင်းတရားစွဲဆိုခြင်းကိုဖြေရှင်းမှု (သို့) လျော်ကြေး ပေးချေမှု၊

(၁) တရားစွဲဆိုသည့်နေ့စွဲ

(၂) တရားစွဲဆိုသူ၏အမည်နှင့်လိပ်စာ၊ အကယ်၍တရားစွဲဆိုသူသည် အဖွဲ့အစည်းဖြစ်ပါက ၎င်း၏ ကိုယ်စားလှယ်အမည်

(၃) အဆိုလွှာအကျဉ်းချုပ်နှင့် လျော်ကြေးတောင်းခံသည့်ပမာဏ

(၄) တရားစွဲဆိုမှုကို ဖြေရှင်းသည့်အခါ အသုံးပြုခဲ့သည့်တရားရုံး၏စီရင်ချက်၊ ထိုသို့ဖြေရှင်းသည့် ရက်စွဲ၊ စေ့စပ်ညှိနှိုင်းခြင်း (သို့) အခြားနည်းလမ်းဖြင့်ဖြေရှင်းခြင်း၊ ဖြေရှင်းမှုနည်းလမ်းအကျဉ်းချုပ်နှင့်ပေးချေရမည့် လျော်ကြေးပမာဏ

(င) ကုမ္ပဏီမှဆောင်ရွက်နေသည့် အရေးကြီးတာဝန်များအား အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ လွှဲပြောင်းပေးခြင်း (သို့) အခြားပုဂ္ဂိုလ်တစ်ဦးထံမှ လွှဲပြောင်းလက်ခံခြင်း

(၁) လွှဲပြောင်းပေးသူ (သို့) လွှဲပြောင်းလက်ခံသူ၏ အမည်နှင့်နေရပ်လိပ်စာ၊ အကယ်၍အဆိုပါလွှဲပြောင်း ပေးသူ၊ လွှဲပြောင်းလက်ခံသူသည် ကုမ္ပဏီတစ်ခုဖြစ်လျှင် ယင်း၏မန်နေဂျင်းဒါရိုက်တာ (သို့) မန်နေဂျာ ၏အမည်၊ ၎င်း၏အစုရှယ်ယာအရင်းအနှီးပမာဏ (သို့) ယင်းနှင့်ညီမျှသည့်တန်ဖိုးနှင့် ၎င်း၏အဓိက စီးပွားရေးလုပ်ငန်း၊

(၂) လွှဲပြောင်းပေးအပ်သည့်တာဝန်ယူမှု၏အကြမ်းဖျင်းဖော်ပြချက်

(၃) လွှဲပြောင်းဆောင်ရွက်သည့်နေ့အပါအဝင် လွှဲပြောင်းမှုသဘောတူညီချက် အကျဉ်းချုပ်

(စ) ကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ (သို့) မန်နေဂျာအပြောင်းအလဲ

(၁) ပြောင်းလဲမည့် မန်နေဂျင်းဒါရိုက်တာ (သို့) မန်နေဂျာ၏အမည်နှင့်ရာထူး

(၂) အပြောင်းအလဲပြုလုပ်သည့်နေ့စွဲ

(၃) အပြောင်းအလဲပြုသည့်နေ့တွင်မန်နေဂျင်းဒါရိုက်တာ(သို့) မန်နေဂျာကပိုင်ဆိုင်သည့်ရှယ်ယာအရေအတွက်

(၄) မန်နေဂျင်းဒါရိုက်တာ (သို့) မန်နေဂျာကို အသစ်ခန့်အပ်သည့်ကိစ္စတွင် ယင်း၏ပညာအရည်အချင်းနှင့် အလုပ်လုပ်ကိုင်မှု သမိုင်းကြောင်းအကျဉ်းချုပ်

(ဆ) ကုမ္ပဏီ၏ဘဏ္ဍာရေးရှင်းတမ်းကိုအတည်ပြုသည့်အထွေထွေနှစ်ပတ်လည်အစည်းအဝေးဆုံးဖြတ်ချက်မှတပါး၊ ရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးဆုံးဖြတ်ချက် (သို့) အထူးအစည်းအဝေး၏ဆုံးဖြတ်ချက်

(၁) နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပသည့်ရက် (သို့) အထူးအစည်းအဝေးကျင်းပသည့်ရက်

(၂) အစည်းအဝေးဆုံးဖြတ်ချက်အသေးစိတ်

(ဇ) ကုမ္ပဏီ၏စာရင်းစစ်အပြောင်းအလဲ

(၁) ပြောင်းလဲသည့် (သို့) ပြောင်းလဲမည့်စာရင်းစစ်၏အမည် (သို့) ရာထူး၊ အဆင့်

(၂) ပြောင်းလဲသည့်ရက်စွဲ

(၃) ခန့်အပ်သည့်ရက်စွဲ

(၄) ပြောင်းလဲရသည့်အကြောင်းရင်း

(ဈ) ကုမ္ပဏီအား အတင်းအကျပ်ဖျက်သိမ်းရန်လျှောက်ထားမှု၊ မြီရှင်များနှင့်ကုမ္ပဏီ၏သဘောဆန္ဒအရ ချေးငွေပေးဆပ်ရန်စီစဉ်မှု (သို့) တရားရုံး၏စီမံခန့်ခွဲမှုဖြင့်ပေါင်းစပ်ညှိနှိုင်းမှု၊

(၁) လျှောက်ထားလွှာတင်သွင်းသည့် ပုဂ္ဂိုလ်၏အမည်နှင့်နေရပ်လိပ်စာ၊ လျှောက်ထားလွှာတင်သွင်းသူသည် အဖွဲ့အစည်းဖြစ်ပါက ယင်း၏ကိုယ်စားလှယ်အမည်

(၂) လျှောက်ထားလွှာတင်သွင်းသည့်ရက်စွဲ

(၃) လျှောက်ထားလွှာတွင် ဖော်ပြထားသည့် အသေးစိတ်အချက်အလက်များ

(ည) မိမိဆန္ဒအရ ကုမ္ပဏီဖျက်သိမ်းခြင်း (သို့မဟုတ်) တရားရုံး၏အမိန့်ဖြင့် ကုမ္ပဏီဖျက်သိမ်းခြင်း

(၁) စာရင်းရှင်းလင်းဖျက်သိမ်းသူ၏အမည်

(၂) မိမိဆန္ဒအရ ကုမ္ပဏီဖျက်သိမ်းခြင်း (သို့မဟုတ်) တရားရုံး၏အမိန့်ဖြင့် ကုမ္ပဏီဖျက်သိမ်းရသည့် အကြောင်းရင်း

(၃) ရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေး (သို့) အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ဖျက်သိမ်းသည့်ကိစ္စ (သို့မဟုတ်) ကုမ္ပဏီမြီရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ သော်လည်းကောင်း၊ ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စ ဆုံးဖြတ်ချက်ချမှတ်သည့်နေ့စွဲ

(ဋ) ကုမ္ပဏီ၏မြီစားတစ်ဦး (သို့) ကုမ္ပဏီမှကြွေးအားတာဝန်ခံထားသည့်မြီစားတစ်ဦးမှ ကုမ္ပဏီငွေရေးကြေးရေးဆိုင်ရာ တောင်းခံမှုကြီးများကို ပေးရန်ပျက်ကွက်ခြင်း (သို့) ပေးရန်ပျက်ကွက်မည်ဟု စိုးရိမ်ရန်အကြောင်းပေါ်ပေါက်လာခြင်း၊

(၁) မြီစား၏အမည်နှင့်လိပ်စာ၊ မြီစားသည်ကုမ္ပဏီဖြစ်ပါက အဆိုပါကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ (သို့) မန်နေဂျာ၏အမည်၊ ၎င်း၏အစုရှယ်ယာရင်းနှီးငွေပမာဏ (သို့) ယင်းနှင့်ညီမျှသောတန်ဘိုး၊

(၂) မြီစားနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များနှင့် ထိုအချက်အလက်များ ပေါ်ပေါက်သည့်ရက်စွဲ

(၃) ကုမ္ပဏီမှရင်း၏မြီစားပေါ်တွင် တောင်းခံရမည့် ကြွေးမြီအမျိုးအစား၊ ပမာဏနှင့် အသေးစိတ်အချက်အလက်

များ

(၄) ကုမ္ပဏီ၏လုပ်ငန်း၊ အမြတ် (သို့) ငွေရေးကြေးရေးအခြေအနေအပေါ်အကျိုးသက်ရောက်မှု

(၅) စာရင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အကျုံးဝင်သက်ဆိုင်သည့် နောက်ဆက်တွဲဖြစ်ရပ်များမှ ကိစ္စရပ်တစ်ရပ်ဖြစ်ပွားမှု (သို့) ဖြစ်ရပ်တစ်ရပ်

(၁) အဆိုပါကိစ္စရပ် (သို့) အဖြစ်အပျက်ဖြစ်ပေါ်သည့် ရက်စွဲ၊

(၂) ကိစ္စရပ် (သို့) ဖြစ်ရပ်၏အကျဉ်းချုပ်၊

(၃) ကုမ္ပဏီ၏အရှုံး (သို့) အမြတ်ပေါ်တွင်အကျိုးသက်ရောက်မှုရှိသည့်ပမာဏ၊

၅။ ကုမ္ပဏီတစ်ခုသည် ယင်း၏လက်အောက်ခံကုမ္ပဏီတစ်ခုနှင့်ပတ်သက်၍ အထက်ဖော်ပြပါအပိုဒ် ၄ (က)မှ (၅) တွင် ဖော်ပြချက်ထားသောဖြစ်ရပ်များ ပေါ်ပေါက်လာခဲ့ပါလျှင်လည်း ၎င်းကိစ္စရပ်များနှင့်ယှဉ်တွဲသော သတင်းအချက်အလက်များပါဝင်သည့် အထူးအစီရင်ခံစာကို တင်သွင်းရမည်ဖြစ်သည်။

ဒေါက်တာမောင်မောင်သိမ်း

ဥက္ကဋ္ဌ

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်